# “ယေဟောဝါသည် ကျွန်ုပ်တို့၏ ဘုရားသခင်”

## Jehovah our God

“ထာဝရဘုရားသည် ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုချင်သောသဘောရှိ၍ ဖန်ဆင်းတော်မူသမျှတို့ကို သနားစုံမက်တော်မူ၏။”ဟူ၍ ဆာလံဆရာမှ ပြောဆိုထားပါသည်။ (ဆာ ၁၄၅း၉)

ဤယေဘူယျလွန်သော အဆိုပြုချက်သည် ရုပ်လောကဆိုင်ရာ စကြာဝဠာကြီးနှင့် အနိမ့်ကျဆုံးသော (သေးငယ်ဆုံး)အရာများအတွက်သာမက အလွန်မြင့်မြတ်သောအရာများ အသက်ရှင်သောသတ္တဝါများတို့အား ကြီးမားသော ချည်နှောင်ခြင်း၌ ရေးမှတ်ထားပါသည်။ သက်ရှိသက်မဲ့ ဖန်ဆင်းခြင်းအားလုံးတို့သည် သူ၏စောင့်ရှောက်မှုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ယေဟောဝါ ဘုရားသခင်သည် စကြာဝဠာတစ်ခုလုံး၏ ကြီးမြတ်တော်မူသော ဧကရာဇ်ဘုရင်ဖြစ်ပြီး သူ၏ပညာ၊ တန်ခိုးတော်၊ ကောင်းမြတ်ခြင်းနှင့် ကျေးဇူးပြုချင်သော ချစ်ခြင်းမေတ္တာသဘောတို့သည် အလွန်မြင့်မားသော ဂုဏ်အင်္ဂါအရိုက်အရာနှင့်စပ်ဆိုင်သော တာဝန်ဝတ္တရားများအားလုံးအတွက် စွမ်းရည်ခွန်အား ကြွယ်ဝစွာရှိပါသည်။ ဤကဲ့သို့သော ဝတ္တတရားကို သယ်ပိုးရန်နှင့် တာဝန်ယူနိုင်သော သူတည်ရှိခြင်းနှင့် စပ်ဆိုင်သော စိတ်ပိုင်းဆိုင်ရာ အရည်အချင်းများကို နှိုင်းယှဉ်ရန် ကြိုးစားအားထုတ်မှု၌ လူစိတ်နှလုံးသည် အလွန်အမင်းအံ့သြတုန်လှုပ်စေပါသည်။ ဘယ်သောအခါမှ မကျရှုံးသောမှတ်ဉာဏ်ကိုငှင်း၊ ဘယ်သောအခါမှ မမှားသောတရားစီရင်ခြင်းကိုငှင်း၊ ကျရှုံးခြင်းကိုဖြစ်စေနိုင်ခြင်းမရှိဘဲ ထာဝရကာလအတွက် စီစဉ်သောပညာကိုငှင်း၊ လာမည့်ကာလများအတွက် မှားယွင်းမှုမရှိ တိကျခြင်းနှင့်အတူ စီစဉ်သောထိုအချိန်ကာလများကိုငှင်း၊ ဆန့်ကျင်နေသည့် အစိတ်အပိုင်းတိုင်းကိုပင်လျှင် ခွန်အားအဖြစ် အသုံးပြုနိုင်သောတန်ခိုးတော်နှင့် ကျွမ်းကျင်မှုကိုငှင်း၊ သူ၏အံ့မခန်းဘွယ်သော ဒီဇိုင်းပုံစံများကို ပြီးပြည့်စုံရန်အတွက် သက်ရှိသက်မဲ့အရာခပ်သိမ်းတို့ကို တစ်ညီတစ်ညွတ်တည်းပြုလုပ်စေလျက် ဘယ်သောအခါမှ ဆိတ်သုန်းခြင်းမရှိသည့်မမောပန်းနိုင်သော နိုးကြားမှုကိုငှင်း၊ စကြာဝဠာလုံးဆိုင်ရာ ထိန်းချုပ်မှုနှင့်စပ်ဆိုင်သော အရေးတကြီးစောင့်ထိန်းကွယ်ကာခြင်းမှ လျော့နည်းစေခြင်းကို ဘယ်သောအခါမှ ရှာဖွေခြင်းမရှိသည်ကိုငှင်း၊ သူ၏ကျယ်ပြန့်သောထိန်းချုပ်ထားသည့် နယ်ပယ်အတွက် သူ၏မျက်စိသည် ဘယ်သောအခါမှမအိပ်ဘဲ၊ သူ၏နားသည်လည်းအမြဲတမ်းဖွင့်ထားပြီး မဖြစ်မနေ လိုအပ်သောအရာများအားလုံးတို့ကို အမြဲတမ်းသတိထားလျက် စိတ်ဝင်စားမှုအားလုံးတို့၌ လုံ့လရှိသောသူဖြစ်သည်ကိုငှင်း ခေတ္တခဏစဉ်းစားကြည့်ပါ။